# ဗီဇာသက်တမ်းတိုး ထောက်ခံချက်လျှောက်ထားရန် အတွက် သတ်မှတ်ချက်များအားကုမ္ပဏီများသို့ အသိပေးကြေညာခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ကုမ္ပဏီများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရယူခြင်းမရှိသည့် ကုမ္ပဏီများမှ နိုင်ငံခြားသားဒါရိုက်တာများ၊ ရှယ်ယာရှင်များ၊ ပညာရှင်များနှင့်၎င်းတို့၏ မိသားစုဝင်များ၏ Business Visa အမျိုးအစားအားဗီဇာသက်တမ်းတိုးထောက်ခံချက် ဆောင်ရွက်ပေးနိုင်ရန် ကုမ္ပဏီများအနေဖြင့် အောက်ပါအထောက်အထားများ ကိုပြည့်စုံစွာ တင်ပြရန်လိုအပ်ပါသည်–

(က) လျှောက်ထားလိုသူ၏ နိုင်ငံကူးလက်မှတ် အမှတ်ပါ စာမျက်နှာ၊ ပြည်ဝင်အမှတ်ပါ စာမျက်နှာ ၊ Visa တုံးထုထားသောစာမျက်နှာနှင့် E-Visa မိတ္တူများ။

(ခ) ကုမ္ပဏီမှ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအထောက်အထား (Invoice၊ Business Contract)၊ လုပ်ငန်းနှင့်သက်ဆိုင်သည့်ဌာန (သို့မဟုတ်) အဖွဲ့အစည်းမှ ထုတ်ပေးထားသောလုပ်ငန်းလိုင်စင်၊ ခွင့်ပြုချက် အထောက်အထား။

(ဂ) ဗီဇာထောက်ခံချက် ရယူလိုသည့် နိုင်ငံခြားသားနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် နေထိုင်စဉ်ကာလအတွင်းနိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းနှင့် စည်းမျဉ်းစည်းကမ်း၊ဥပဒေနှင့်အညီနေထိုင်မည်ဖြစ်ကြောင်း၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုကုမ္ပဏီမှ တာဝန်ယူကြောင်းဝန်ခံကတိပြုစာ။

(ဃ) ကုမ္ပဏီဝင်ငွေခွန်၊ဝန်ထမ်းလစာ ဝင်ငွေခွန်ပေးဆောင်ထားသည့် အထောက် အထားများ။

(င) နိုင်ငံခြားသား ကျွမ်းကျင်သူပညာရှင် ဝန်ထမ်းဖြစ်လျှင် အလုပ်ခန့်စာချုပ် (Employment Contract)မိတ္တူနှင့် ကျွမ်းကျင်မှုဆိုင်ရာအသိအမှတ်ပြုလက်မှတ်။

၂။ အောက်ပါသတ်မှတ်ချက်များကိုစိစစ်ပြီးမှ သက်တမ်းတိုးထောက်ခံချက် ဆောင်ရွက် ပေးမည် ဖြစ်ပါသည်–

(က) ဗီဇာသက်တမ်းမကုန်ဆုံးမီအလုပ်လုပ်ရက်(၁၀)ရက်ကြိုတင်လျှောက်ထားရမည်။

(ခ) ကုမ္ပဏီ၏ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းအမျိုးအစားနှင့် နိုင်ငံခြားသား/ နိုင်ငံသားဝန်ထမ်းခန့်အပ်ထားမှုတို့အပေါ် မူတည်၍ ဗီဇာထောက်ခံပေးမည့် နိုင်ငံခြားသားဦးရေအားစိစစ်ခွင့်ပြုမည်။

၃။ အောက်ပါအခြေအနေများအားထောက်ခံပေးခြင်းမပြုပါ–

(က) Suspended ဖြစ်နေသည့်ကုမ္ပဏီများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရယူထားသည့် ကုမ္ပဏီများ။

(ခ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ လုပ်ငန်းလိုင်စင် ရယူထားသည့် ကုမ္ပဏီများမှ ဝန်ထမ်းများ။

(ဂ) ဝန်ကြီးဌာနများနှင့် စာချုပ်ချုပ်ဆို၍ ဆောင်ရွက်နေသည့် စီမံကိန်း လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ကုမ္ပဏီများမှ ဝန်ထမ်းများ။

(ဃ) ဗီဇာသက်တမ်းကုန်ဆုံး၍ Over Stay ဖြစ်နေသူများ။

၄။ ကုမ္ပဏီများအနေဖြင့် ပူးတွဲတင်ပြရမည့် မိတ္တူများ၏ File type မှာ jpg, pdf, jpeg, gif, png, docx, docအမျိုးအစားဖြစ်ရန် လိုအပ်ပါသည်။ ကုမ္ပဏီတစ်ခုလျှင် Account တစ်ခုသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ဗီဇာသက်တမ်းတိုး ထောက်ခံချက်ကိစ္စရပ်နှင့် ပတ်သက်၍ သိလိုသည်များအား တယ်လီဖုန်းနံပါတ် ၀၁-၆၅၈၁၀၅ သို့ ရုံးချိန် အတွင်းစုံစမ်း မေးမြန်းနိုင်ပါသည်။ User Guideအား https://www.dica.gov.mm – Company Affairs – Online Visa Extension တွင်ဖတ်ရှုရယူနိုင်ပါသည်။

၅။ ဗီဇာသက်တမ်းတိုး ထောက်ခံချက် လျှောက်ထားရာတွင် လုပ်ငန်းပိုမို လွယ်ကူချောမွေ့စေရေးအတွက်ဌာန၏ လိုအပ်ချက်များကိုကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၆။ ဤကြေညာချက်သည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင် အကျိုးသက်ရောက်မည် ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန